## ၁၁၂။ အဲသည်နေ့က

အတွေးခေါင်သော လူငယ်တစ်ယောက်က လူကြီးတစ်ယောက်ကို. . .။

"ကုန်းပေါ်က သတ္တဝါတွေက ရေထဲကို ပြောင်းနေကြပြီ၊ ရေသတ္တဝါတွေက ကုန်းပေါ်မှာ တက်ပြီးနေတဲ့နေ့ကျရင် ဘာတွေဖြစ်ကုန်ကြမလဲ မသိဘူးနော်"

"ဟေ့ကောင်. . အဲသလို မင်းထင်မယ့်နေ့ဟာ မင်းရှူးတဲ့နေ့ပဲ၊ ဘာမှမဖြစ်ကြဘူး၊ မင်းစိတ်ရောဂါတူ ဆေးရုံကို ရောက်တဲ့နေ့ပဲဖြစ်မယ်"

x x x

## ၁၁၃။ ဖြစ်သွားတာက

အသုံးလုံး သင်ကြားနေသော ဆရာမတစ်ဦးသည် ကျေးရွာမှ အဒေါ်ကြီးတစ်ဦးကို စာသင်ပုန်းပေါ်မှာ ရေးပြရင်း။

"ကကြီးကို ဟောသည်လို ပက်လက်လှန်လိုက်ရင် ဘာဖြစ်သွားမလဲ. . ဒေါ်ဒေါ်"

"တ. . ပက်လက်"

## ၁၁၄။ ရှိလေတိုင်း

သူငယ်ချင်းနှစ်ယောက် စကားလက်ဆုံကျကြရာ။

"ရှိတိုင်းလည်း မကောင်းပါဘူးကွာ"

"ဟာ! ရှိတာ ကောင်းတာပေါ့ကွ၊ ဘာဖြစ်လို့ မကောင်းရမှာလဲ"

"အကြွေးလေကွာ၊ အကြွေးရှိတာ ကောင်းလား"

x x x

## ၁၁၅။ ဆင်းသွား

ပင်လယ်ထဲမှာ သင်္ဘောပျက်သည်။ လင်မယားနှစ်ယောက်သည် ကံအားလျော်စွာ ဖောင်ပျက်တစ်ခုကို တွယ်မိပြီး မျောပါနေ၏။

မိန်းမဖြစ်သူက လင်သားကို နိုင်ရသည်။ ဖောင်ပေါ်မှာ စကားများကြရာ မိန်းမက လင်သားကို ဒေါသဖြင့် ပြောလိုက်သည့် စကားက. . .။

"ရှင့်မျက်နှာကို မမြင်ချင်ဘူး၊ အခု ချက်ချင်း ဆင်းသွား"